ညောင်အင်းကျေးရွာ

ဆေးခင်းခုံကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်အင်းကျေးရွာ ၊ **ဝန်းသိုမြို့နယ်**

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ် စာမျက်နှာ

မာတိကာ ၁

စကားချီး ၅

ညောင်အင်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုဖြို့နယ် ၇

ညောင်အင်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုဖြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၀

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃

(င) ကျန်းမာရေးနှင့် အာဟာရ ၁၄

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇

(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈

(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉

(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉

(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၉၀
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၉၅
ရည်ညွှန်းချက်များ ၉၆
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၉၇
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်အင်းကျေးရွာ
ဆေးခင်းခုံကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ညောင်အင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ညောင်အင်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ညောင်အင်းကျေးရွာ၊ ဆေးခင်းခုံကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ညောင်အင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့မြောက်ဘက်တွင်တည်ရှိပါသည်။ ဝန်းသိုမြို့မှ(၅)မိုင်ကွာဝေးပြီး ကျေးရွာ၏တောင်ဘက်တွင် တုံးကြိတ်ကျေးရွာ၊ အရှေ့တောင်ဘက်တွင် ကြိမ်ဖူးကုန်းကျေးရွာ၊ မြောက်ဘက်နှင့် အနောက်ဘက်တွင် သစ်တောများ၊ တောင်များ ရှိပါသည်။ ဝန်းသို-နန်းခမ်း-အင်းတော်ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ရွာအနီးတွင် သတ္တုနှင့်အခြားသယံဇာတ တွင်းထွက်ပစ္စည်းများ မရှိပါ။ ဓာတ်ဆီ၊ရေနံနှင့်ကျောက်မျက်သယံဇာတများကို ဝယ်ယူအသုံးပြု ကြရပါသည်။ ရွာအနီးတွင် ကျောက်စရစ်အနည်းငယ်ရှိပါသည်။ ရွာအနီးရှိ တောများ ၊တောင်များ တွင်ဂျာမနီ၊ ကနဖော့၊ စူလာနဖာနှင့်သဘာဝဆေးဖက်ဝင်အပင်အနည်းငယ်တွေ့ရှိရပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ကိုလည်းတွေ့ရပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၄၁)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်တော်တို့ရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၂ဦး၊ မ ၄ ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား ၄၊ မ ၁၁ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျား ၂၃၅၊ မ ၁၇ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား၁၁၊မ ၁၄၊ ၁၅နှစ်မှ ၆၅နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၇၄၊ မ ၇၅၊ ၆၅နှစ်နှင့်အထက် မ ၆ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများတွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင် စု(၄၁)အိမ်မှာ(၃၅)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ ကျွန်တော်တို့ဒေသ သည်တောင်တန်းဒေသဖြစ်၍ လယ်ယာမြေတွင်တွင်ကျယ်ကျယ်မရှိပါ။ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။

ထို့ကြောင့် ကျနော်တို့ရွာသူ၊ရွာသားများ၏ နေ့စား၊ကျပန်းအလုပ်များကိုလည်း လုပ်ကိုင်ကြပါသည်။ လယ်လုပ်ကိုင်ပြီးလျှင် အခြားဒေသသို့သွားရောက်ပြီး နေ့စား၊ လခစား၊ အလုပ်သမားအဖြစ် လုပ်ကိုင်လေ့ ရှိကြသည်။

ကျွန်တော်တို့ရွာပိုင်ဆိုင်သည့် မြေအမျိုးအစားများမှာ မြေနီ၊မြေဝါ၊ ကျောက်စရစ်မြေ၊သဲမြေ၊ ရွှံ့စေး မြေများဖြစ်ပါသည်။ ကျွန်တော်တို့ဒေသရှိ မြေများသည် မိုးရာသီ၌သာအသုံးပြုနိုင်ပြီး ဆောင်းရာသီမှစ၍ ရေများခမ်းခြောက်လာကာ မြေအစိုဓာတ်များလည်း နည်းလာပြီး နွေရာသီတွင် လုံးဝခမ်းခြောက်သွား၍ မည်သည့်သီးနှံကိုမှ စိုက်ပျိုး၍မရပါ။ ချောင်းများရှိသော်လည်း တောင်ကျချောင်းများဖြစ်သဖြင့် မိုးရာသီတွင်ရေကြီးသော်လည်း နွေနှင့်ဆောင်းရာသီများတွင် ရေရှိရုံမျှပင်ဖြစ်သည်။ ထို့ကြောင့် နွေ နှင့် ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၁၂)အိမ်ထောင်စုရှိသောကြောင့် ကျေးရွာကို အသင့်အတင့်အဆင်ပြေသော ကျေးရွာဟု သတ်မှတ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၁၂)အိမ်ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၁၀)ဧကအထက် ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီးအိမ်ကောင်းများနှင့် နေထိုင်ကြခြင်း၊ လယ်ယာသုံးကိရိယာ များဖြစ်သည့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်မိသားစုများသည် မြေကော (၅)ဧကမှ (၁၀)ဧကအထိ ပိုင်ဆိုင် ကြသည်။ မပြေလည်သော အိမ်ထောင်စု(၁၂)အိမ်ထောင် စုသာရှိပြီး ခြင်းယက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၄%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏၂၅%သည် ၅ဧကအောက် နှင့် ၅၁%သည် ၅ဧကအထက်ပိုင်ဆိုင်ကြပြီး အလယ်အလတ်စားတောင်သူများဖြစ်ပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ ၂၀%ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၃၆)ရှိသည့်အနက် (၅) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၁၂) အိမ်ထောင်စု သည် ၃လ မှ ၆လ ၊ (၁၉)အိမ်ထောင်စုမှာ ၆လအထက် အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငှား၍ဝမ်းစာ ဖြည့်တင်း ကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစား သူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြ ပါသည်။

ကျွန်တော်တို့ရွာတွင် လယ်ဧကော၈၅.၂၈ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နှမ်းတစ်ရာသီဘဲ စိုက်ပျိုး၍ ရပါသည်။ စပါးကို ၁ဧကတွင် ပျှမ်းမျှ ၅၀ တင်းမှ တင်း ၇၀ အများဆုံး ထွက်ရှိပါသည်။ တင်း၉၀ထွက်ရှိသောသူမှာ စပါးအထွက် အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူအလွန်ပင်နည်းပါးသည်။

စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ညောင်အင်းကျေးရွာအနီးရှိ တောင်တန်းများကို ခုတ်ထွင်ရှင်းလင်းပြီး တောင်ယာသီးနှံများဖြစ်သော ပဲစင်းငုံ၊ နှမ်းသီးနှံများကို စိုက်ပျိုးကြသောကြောင့် သစ်တောများအသင့်အတင့် ပြုန်းတီးလာပါသည်။ သစ်တောများကို ခုတ်ယူပြီး ထင်းအဖြစ်သုံးစွဲကြသောကြောင့် သစ်တောများ ပြုန်းတီးမှုများလာရပါသည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ခြင်းများကို ကြုံတွေ့ကြရပါသည်။

ညောင်အင်းကျေးရွာတွင် လူငယ်များသည် မူးယစ်ဆေးဝါးကို အပျော်တမ်းသုံးစွဲသူများပြားသဖြင့် ကူးစက်ရောဂါရနိုင်ခြေများပါသည်။ မူးယစ်ဆေးဝါးကို နှစ်သက်သုံးစွဲသူဦးရေမှာ အသင့်အတင့်ရှိပါသည်။ ရွှေတွေ့ရှိသောဒေသနှင့်အညီ ရွှေတူးဖော်ရာတွင် မတော်တဆကမ်းပါးများပြိုခြင်းတို့ကြောင့် ရွှေတွင်းလုပ်သားများ ထိခိုင်ဒဏ်ရာရရှိသူများပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော မိသားစုမှာ အသက်(၆၀)ကျော် အဖွားအိုတစ်ယောက်ရှိပါသည်။ မြေးတစ်ယောက်ကို မီးယပ်ဆေးရောင်းကာ ကျောင်းထားရသဖြင့် စားသောက်ရန် မလုံလောက်ပါ။ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၁ စုရှိပြီး ရရာအလုပ်လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးအတွက် ကြိုးစားရုန်းကန်နေရပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်ကို့ညောင်အင်းကျေးရွာတွင် မူလတန်းနှင့်ကျောင်းထွက်သူဦးရေ များပြားပါသည်။ မူလတန်းအထိသာကျောင်းတက်ကြရပြီး ကျောင်းထွက်ကာ ဝမ်းရေးကို ဦးစားပေးကာ အလုပ်လုပ်ကြပါသည်။ ကျောင်းသားကျောင်းသူများမှာ ကျောင်းဆက်နေချင်သော်လည်း အဆင်မပြေသည့် မိဘများကိုငဲ့ညာပြီး အထက်တန်းကျောင်း ပညာများကို ဆက်မတက်နိုင်တော့ပါ ။ အထက်တန်း၊ အလယ်တန်း ကျောင်းနေသူ အလွန်နည်းပါးလှပါသည်။ ငွေကြေးတတ်နိုင်သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများသော ပညာရေးဖြစ်နေပါသည်။ ကျွန်တော်တို့ရွာနှင့် ၅ မိုင်နှင့် ၃မိုင်ခန့် ဝေးသောနေရာများ၌ အထက်တန်းကျောင်းပညာကို သွားရောက်စာသင်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန်နည်းပါးပါသည်။

ကျွန်တော်တို့ရွာ မူလတန်းကျောင်းတွင် ကျား(၅)ဦး၊ မ(၁၈)ဦး အလယ်တန်း ကျား(၈)ဦး၊ မ(၁၃)ဦး၊ အထက်တန်းတွင် ကျား(၆)ဦး၊ မ(၇)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူကျား(၃)ဦး မ(၃)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစားမပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ ဝေးလံ

ခေါင်သီမှုနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု၊ ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ကျေးရွာတွင် မိုးဦးရာသီ၌ ဝမ်းလျောရောဂါ နှင့်ငှက်ဖျားရောဂါကို အနည်းငယ်စီခံစားကြရပါသည်။ ဧပြီနှင့်မေလများတွင် သွေးလွန်တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားကြရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူလမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ သွေးတိုးရောဂါကိုလည်းအနည်းငယ်ခံစားကြရပါသည်။ အသည်းရောဂါ ဖြစ်ပွားသူ အနည်ငယ်ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ရွာတွင် အမျိုးသမီးအခွင့်အရေး နည်းပါး ပါသည်။ ရွာမှအမျိုးသမီးများသည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။ နေ့စဉ် အိမ်အလုပ်တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှု၊ ဒေသ၊ မြို့ရွာများ တနေရာနှင့် တနေရာ ဝေးကွာပြီး လမ်းသွားလမ်းလာစိတ်မချရမှုတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့စည်းနှင့် ကျေးရွာ၏စီမံအုပ်ချုပ်မှု များတွင် ပါဝင်ဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှု နှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေးနာရေးများတွင် အမျိုးသမီးများက ချက်ပြုတ် တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြရပါသည်။ တက်ကြွစွာ ပါဝင်နိုင်မှု၊ ဆွေးနွေးဦးဆောင်နိုင်မှု အခွင့်အရေးများ ဆုံးရှုံးနေရပါသည်။ ကျွန်တော်တို့ရွာတွင် အကြမ်းဖက်မှုများ မရှိပါ။ လူငယ်သဘာဝ ချစ်ကြိုက်မှုကြောင့်ဖြစ်တတ်သည့် ပြဿနာ အနည်းငယ် ရှိပါသည်။ လက်မှုအတတ်ပညာတတ် မြောက်သူနှင့် သင်နေသူများ အလွန်ပင်နည်းလှပြီး သူတို့၏ ဘဝကိုကျပန်းလုပ်ကိုင်စားသောက်မှု ၊အိမ်မှုကိစ္စ၊သား/သမီးများ၏ ကိစ္စအဝဝကိုသာ အာရုံစိုက် နေရပါသည်။ လူလွတ်အမျိုးသမီးများမှာလည်း စားဝတ်နေရေးနှင့် မိသားစုတာဝန်များကိုထမ်း ဆောင်ရင်း အချိန်တန်လျှင် သူတို့၏ ဘဝကိုကျပန်းလုပ်ကိုင် စားသောက်မှု၊ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ မီးကော်မတီ၊ရေကော်မတီ နှင့်သမဂ္ဂစုဂွေချေးအဖွဲ့ဟူ၍ အဖွဲ့များကို ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့အစည်းများသည် သက်ဆိုင် ရာလုပ်ငန်းများသာမက ကျေးရွာ၏ သာရေး၊နာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်

ရွက်ကြပါသည်။ ရေကော်မတီအဖွဲ့သည် စိမ့်စမ်းရေသွယ်ယူထားခြင်းအား ပြုပြင်ထိန်းသိမ်းရန် အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ရေအသုံးပြုနိုင်ရန်အတွက်လည်းတာဝန်ယူဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ တောင်သူတစ်ဦးလျှင် (၁၂)ဧက ပိုင်ဆိုင်သူသည် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ကျွန်တော်တို့ရွာတွင် (၁၂) ဧက ပိုင်ဆိုင်သူ (၁၁)ဦးရှိသည်။ (၁)ဧက၊(၂)ဧက၊(၃)ဧက ၊(၅)ဧက အများဆုံးပိုင်ဆိုင်ကြသည်။ လယ်မြေ အားလုံးသည် မိုးကိုမျှော်၍ စိုက်ပျိုးကြရသည်။ သစ်တောကြိုးဝိုင်းများရှိသဖြင့် လယ်ယာမြေများကိုမချဲ့ထွင်နိုင်ပါ။ မြေယာမဲ့များသည် ကျပန်းအလုပ်ကိုသာ လုပ်ကိုင် အသက်မွေးကြသည်။

ကျွန်တော်တို့ရွာအနီးတွင် တောင်ကျချောင်းတစ်ခု ဖြတ်သန်းစီးဆင်းနေပါသည်။ ၎င်းချောင်းအား လယ်သမားများစုပေါင်း၍ စိုက်ပျိုးရေရရန် ဆည်တာတမံတစ်ခု ဆောက်လုပ်ထားပါသည်။ ထိုဆည်မှရေကို ရေသွင်းမြောင်းသွယ်များပြုလုပ်ပြီး လယ်ကွင်းသို့ရေသွယ်ယူကြပါသည်။ သို့သော်လယ်ဧက (၂၀)အတွက်သာရေရရှိပြီး ကျန်လယ်များကိုချောင်းအတွင်းမှ စက်နှင့်ရေတင်၍ စိုက်ပျိုးကြရပါသည် ရေအလွန်လျှံပယ်တောင်ကျချောင်းဖြစ်သည့်အတွက် ကြာရှည်စွာရေကြီးခြင်းမရှိပါ။ ချောင်းများကို မိုးရာသီတွင်သာ ပေါများစွာအသုံးပြုကြရသော်လည်း နွေနှင့်မိုးတွင်ရေများခန်းခြောက်ပါသည်။

ညောင်အင်းကျေးရွာ၏ အဓိကအားထားပြီးစိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်ပါသည်။ မိုးကောင်း၍ စပါးဖြစ်ထွန်းလျှင် တစ်ဧကအထွက်နှုန်းမှာ(၅၀)တင်းထွက်ပါသည်။ စပါးစိုက်ပျိုးသော ကာလမှာ ချောင်းနှင့်နီးပြီး စက်နှင့်ရေတင်ကာ စိုက်ပျိုးကြသဖြင့် နယုန်လတွင် ပျိုးကျဲပြီး ဝါဆိုလတွင် ပျိုးထောင်၊ကောက်စိုက်ကြပါသည်။ ပြာသိုလတွင် စပါးများကို ရိတ်သိမ်းကြပါသည်။ စိုက်ပျိုးရေနောက်ကျမှရသော လယ်များသည် ပျိုးကျဲချိန်နောက်ကျ၊စိုက်ချိန်များနောက်ကျပြီး စပါးအထွက်နောက်ကျခြင်း၊ အထွက်နည်းခြင်းများရှိပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင် ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ ထွန်စက်ပိုင်ဆိုင်သူနည်းပြီး ထွန်စက်များကို ငှားရမ်းအသုံးပြုကြပါသည်။ ကျေးရွာတွင်းတွင် ခွေလှေ့စက်တစ်လုံးသာရှိပြီး ကျန်လယ်သမားများသည် ငှာရမ်းလုပ်ကိုင်ကြပါသည်။ ရေစုပ်စက်များကို လူအနည်းစု သာအသုံးပြုကြသည်။ မြက်ရိတ်စက်များကိုလည်း အသုံးပြုကြပါသည်။

ကျွန်တော်တို့ရွာ၏ ရာသီဥတုမှ အသင့်အတင့်ကောင်းမွန်ပါသည်။ သဘာဝရေမြေရတုအလိုက် သီးနှံအထွက်နှုန်းအတက်အကျရှိပါသည်။ သီးနှံများသည် မိုးကိုမျှော်၍ စိုက်ပျိုးကြရသဖြင့် မိုးကောင်းလျှင်

သီးနှံအထွက်နှုန်းကောင်းပြီး မိုးခေါင်လျှင်သီးနှံအထွက်နှုန်းလျော့ကျပါသည်။ မြို့နှင့် (၅)မိုင်ခန့်ဝေးသောကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို မရရှိကြပါ။ ထို့ကြောင့် စိုက်ပျိုးရေးကို မိရိုးဖလာစိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးကြသဖြင့် သီးနှံအထွက်နှုန်းမကောင်းကြပါ။

ကျွန်တော်တို့ရွာတွင် ကျွဲ၊နွားများကို လယ်ယာလုပ်ငန်းခွင်အတွက် အဓိကထားမွေးမြူကြပါသည်။ ဝက်နှင့် ကြက်များကို အသားစားအဖြစ်မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူကြသည်များလည်းရှိပါသည်။

ကျွန်တော်တို့ရွာတွင် စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးကို လုပ်ကိုင်ဖို့ အလားအလာ အမြောက်အများ ရှိပါသည်။ ချောင်း၊ မြောင်း၊ စိမ့်စမ်းရေများရှိခြင်း၊ သဘာဝ တောတောင်များရှိခြင်း၊ မြေလွတ်၊ မြေလပ်များရှိခြင်း ရေရရှိမှုမှာလည်းအသင့်အတင့်တို့ ဖြစ်ပါသည်။ မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လို့ရသည့်နေရာများ ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် အရမ်းကိုအဆင်ပြေပြီး ရွာသူ၊ ရွာသားများအတွက် အလုပ်အကိုင် ရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွားရောက်၍ စီးပွားရှာ စရာမလိုတော့ပါ။

ကျွန်တော်တို့ရွာတွင် တိရစ္ဆာန်မွေးမြူရေးအတွက် လိုအပ်သော စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ ရေရရှိမှုမှာလည်း လုံလောက်ပါသည်။ သို့သော် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို အလွယ်တကူဝယ်ယူမရနိုင်သဖြင့် ရွာမှထွက်သောမျိုးများကိုသာ မွေးမြူလို့ရနိုင်ပါသည်။ မွေးမြူရေး လုပ်ရန်အတွက် ဆေးနှင့်အစာများကို ဝယ်ယူရနိုင်သော်လည်း နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာ အထောက်အပံ့များကို မရရှိသဖြင့် စီးပွားဖြစ်မမွေးမြူနိုင်ကြပါ။ မွေးမြူရေးမှ ရရှိသောထုတ်ကုန်များကိုရောင်းချနိုင်သော်လည်း ဈေးကွက်မရသဖြင့် စီးပွားဖြစ်မွေးမြူရန်အတွက် အခက်အခဲများရှိနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ ညောင်အင်းကျေးရွာတွင် လုပ်သားအင်အားရရှိနိုင်မှုများပါသည်။ လမ်းပန်းဆက်သယ်ရေးအသင့် အတင့်ကောင်းမွန်ပြီး ကုန်ကြမ်းများရနိုင်ပါသည်။ အချေးငွေအသင့်တင့်ရနိုင်သော်လည်း ငွေကြေး အခက်အခဲများကြောင့် စီးပွားဖြစ်မလုပ်ကြပါ။

ကျွန်တော်တို့ရွာတွင် လယ်ယာသားငါးထွက်ကုန်မဟုတ်သော ထွက်ကုန်များကို ရောင်းချရန်အတွက် ဈေးကွက်များမရှိပါ။ ဈေးကွက်ဆိုင်ရာအသိအမြင်များမရှိခြင်း၊ ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည်ကြပါ။ ဆိုလာမီးကိုသာ အသုံးပြုကြသဖြင့် နေပူသောအခါတွင်သာ ဆိုလာမီးရရှိကြပြီး မိုးရာသီတွင် မီးပုံမှန်မရကြပါ။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနည်းပညာဆိုင်ရာ နှင့်

အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ဆောင်မှုများ မရရှိကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အလွန်နည်းပါးပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ပန်းညိုရွာတွင် မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ အလုပ်အကိုင်မှာ ရွှေတွင်းအလုပ်မှလွဲ၍ လုပ်စရာအလုပ်မရှိပါ။ ထို့ကြောင့်ရရှိထားသော စပါးနှမ်းများကို ငွေလိုလျှင် ရောင်းချ၍ သုံးစွဲရသောကြောင့် အိမ်ထောင်စုများသည် နောက်ပိုင်းတွင်ဝမ်းစာမရှိဘဲ စပါးတိုး၊ ငွေတိုးများကို အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးသုံးရပါသည်။

ကျွန်တော်တို့ရွာ၏ မိသားစုများသည် အလုပ်လုပ်ကိုင်သူမှာ အလွန်နည်း၍ ထိုင်စားသူများမှာ အလွန်ပင်များပါသည်။ ရာသီချိန် (၄)လလောက်သာ အလုပ်ရှိ၍ ကျန်လများမှာ ရရစားစားဖြင့် နေထိုင်ကြပြီး လူမှုရေး၊ကျန်းမာရေး၊ သာရေး၊နာရေးများကို စပါးရှိသူများကစပါး၊ ဘာမှမရှိသူများ က ငွေတိုးယူကြရသည်။ အကြွေးမြီများနှင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းရန် အလုပ်ရှိသည့် နေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရသည်။ လုပ်ကိုင်နေသူများမှာလည်း ခရီးအကွာအဝေးနှင့် စားစရိတ်ကြောင့် ပိုလျှံမှုမရှိဘဲ တစ်ချို့သူများတွင် အကြွေးမြီဖြင့်သာ ရှာသောပိုက်ဆံများ ကုန်ကြရသည်။

ကျွန်တော်တို့ညောင်အင်းကျေးရွာတွင် ကျေးရွာပြင်ပသို့ သွားရောက်လုပ်ကိုင်နေသောအိမ်ထောင်စုများရှိပါသည်။ ပိုမိုကောင်းမွန်သောအလုပ်အကိုင် အခွင့်အလမ်းများရရှိရန် အတွက် သွားလာလုပ်ကိုင်နေရခြင်းဖြစ်ပါသည်။ အဝေးသို့သွားရောက်လုပ်ကိုင်နေသော အိမ်ထောင်စုများတွင် ပြန်ပို့ငွေကို မှီခိုနေရသောအိမ်ထောင်စု(၂)စုရှိပါသည်။ အိမ်ရှိမိသားစုများကို ဘဏ်ဖြင့်ငွေပို့ကြပါသည်။ အလုပ်အကိုင်မရှိဘဲရပ်ဝေးထံမှ ပြန်ပို့ငွေကိုမျှော်၍ သုံးစွဲနေကြရပါသည်။ အလုပ်လုပ်ကိုင်သူများသည် စားဝတ်နေရေးပြေလည်ရုံနှင့်အကြွေးဆပ်နိုင်ရုံသာ အဓိကထားရပါသည်။ ပိုလျှံမှုမရှိပါ။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ ကျွန်တော်တို့ညောင်အင်းကျေးရွာနှင့်အနီးဆုံးစျေးမှာ ကင်းမြင်သာစျေးဖြစ်ပါသည်။ ရွာနှင့်(၂)မိုင်ကျော်ခန့်ဝေးပါသည်။ အဓိကထားသောစျေးမှာ ဝန်းသိုမြို့မစျေးနှင့် ဂျိုးတောင်စျေးဖြစ်ပါသည်။ (၅)မိုင်ကျော်ခန့်စီဝေးပါသည်။ ဆိုင်ကယ်ဖြင့် သွားလာကြရပြီး စားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊အိမ်သုံးပစ္စည်းများ ၊အဝတ်အထည်များ ဝယ်ယူရနိုင်ပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊သုံးဘီးတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ စျေးအခြေခံ အဆောက်အဦးမှာ ကောင်းပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသောကုန်ကြမ်းများကို အကြီးဆုံးစျေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်း အဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာ မရခြင်း တောင်သူများ ခံစားနေရပါသည်။ ကျွန်တော် တို့ ဒေသရှိ တောင်သူများသည် တစ်အုပ်စုကို(၄)ရွာရှိပြီး စိုက်ဘဏ်ချေးငွေများကို (၄)ရွာလုံး ကြေပြီးမှ ချေးငွေများကို ထုတ်ပေးလေ့ရှိပါသည်။ ပုဂ္ဂလိကငွေချေးသူများထံမှ ကာလလတ်ချေးငွေကို ရနိုင်ပါသည်။ ၆လမှ ၁နှစ်အတွင်းပြန်လည်ပေးဆပ်ကြပါသည်။ အတိုးနှုန်းမှာ ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်း ဖြစ်ပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာတွင် သစ်တောများပြုန်းတီးလာခြင်းကြောင့် အခြားတိရစ္ဆာန်မျိုးစိတ်များအတွက် အခက်အခဲများရှိလာပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ မုဆိုးလုပ်ငန်းကို လုပ်ကိုင်ပြီးအသက်မွေးကြပြီး တိရစ္ဆာန်များကို ဖမ်းယူစားသောက်ရောင်းချကြသဖြင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအတွက် အန္တရာယ်ရှိလာပါသည်။ စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွာစွန့်ပစ်နေခြင်းကြောင့် စွန့်ပစ်ပစ္စည်းများတွင်ပါဝင်သော ပုလင်းခွံများကွဲရှမိခြင်း၊ ပလပ်စတစ်များကို မီးရှို့နေခြင်းများကြောင့် ၎င်းမှ ထွက်လာသောကာဗွန်ဒိုင်အောက်ဆိုဒ်များကို ရှူရှိုက်မိသဖြင့် ကျန်းမာရေးကိုထိခိုက်မှုများ ရှိပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ရွာတွင် စာမတတ်သူ ကျား(၃)ဦး၊မ(၈)ဦးရှိပါသည်။ ကျေးရွာတွင်မူလတန်းဖြင့် ကျောင်းထွက်သူဦးရေများပါသည်။ မူလတန်းအထိသာတက်ကြရပြီး ကျောင်းထွက်ကာ ဝမ်းရေကိုဦးစားပေးကာ အလုပ်လုပ်ကြရပါသည်။

ကျောင်းသူ/သားများသည် ရွာတွင် မူလတန်းကျောင်းမရှိသဖြင့် ရွာနှင့်လေး ဖာလုံခန့်ဝေးသည့် တုံးကြိတ်ကျေးရွာမူလတန်းကျောင်းတွင် သွားရောက်ပညာသင်ကြာကြပါသည်။ ထိုကျောင်းသည် ဝန်းသို-နန်းခမ်း-အင်းတော်ကားလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ကျောင်းသား/သူများ သွားလာရာတွင် ယာဉ်အန္တရာယ်ရှိသဖြင့် အခက်အခဲရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းကို ရွာနှင့်(၂)မိုင်၊(၅)မိုင်ခန့်ဝေးသော ကင်း(အထက)နှင့် ဂျိုးတောင်(အထက)သို့ စက်ဘီးနှင့်ကျောင်းတက်ကြပါသည်။

ကျွန်တော်တို့ရွာ ပညာရေးမှာ ဆရာနှင့်ကျောင်းသား အချိုးစားမညီခြင်း၊ ကျောင်းပရိဘောဂမပြည့်စုံခြင်း၊အားကစားဆိုင်ရာပစ္စည်းများမရှိခြင်းများ ဖြစ်နေပါသည်။ဆရာမများကို ငှားရမ်းကာ

ပညာသင်ကြားကြပါသည်။ ကလေးများ အားကစားကွင်း မရှိခြင်း၊ အားကစားပစ္စည်းများမရှိခြင်း၊ ပညာရေးဌာနမှ ဝန်ဆောင်မှုမပေးခြင်းတို့ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် ကျောင်းစရိတ်မတတ်နိုင်ခြင်းကြောင့် မူလတန်းတွင်သာကျောင်းထွက်ကြရပါသည်။

ညောင်အင်းကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသည့် ကျန်းမာရေးဆေးခန်းမှ စောင့်ရှောက်မှုပေးပါသည်။ ရွာနှင့်(၅)မိုင်ခန့်ဝေးသော ကျိုးတောင်တိုက်နယ်ဆေးရုံတွင် လည်းကုသမှုခံယူကြပါသည်။ အရေးကြီးလူနာများသည် ရွာနှင့် (၅)မိုင်ခန့်ဝေးသော ဝန်းသိုမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ ထိုးပေးပါသည်။ ကျေးလက်ကျန်းမာရေးဌာနများမှ ကွင်းဆင်းမှုများလည်းရှိပါသည်။

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၅)မိုင်ခန့် ဝေးပါသည်။ နေမကောင်းလျှင်ဆိုင်ကယ်နှင့် သွားကြပါသည်။ ကျန်းမာရေးဌာနခွဲတွင် ဆေးဝါးလုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံနှင့် (၅)မိုင်ခန့်ကွာဝေးသဖြင့် အရေးပေါ်လူနာများသာ သွားရောက်ကြပါသည်။

ကျွန်တော်တို့ညောင်အင်းကျေးရွာတွင် ရေတွင်း(၁၂)တွင်းရှိပါသည်။ ရာသီပတ်လုံးအသုံးပြုကြရသော်လည်း မိုးရာသီနှင့်ဆောင်းရာသီတွင်သာ ရေလုံလောက်ပြီး နွေရာသီတွင်ရေခန်းပါသည်။ စိမ့်စမ်းရေကို တစ်ရွာလုံးအသုံးပြုကြပါသည်။ စိမ့်စမ်းရေသည် မိုးရာသီနှင့်ဆောင်းရာသီတွင်သာ အသုံးပြုကြရသော်လည်း နွေရာသီတွင် ရေလုံးဝမရတော့ပါ။ တိရစ္ဆာန်များ သောက်ရေအဖြစ်လည်း အသုံးပြုကြရပါသည်။

ကျွန်တော်တို့ရွာတွင် ရွာသူ/သားများသည် ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ အိမ်သာမရှိသော အိမ်(၁)အိမ်ရှိသော်လည်း ဆွေမျိုးများအိမ်တွင် အတူအသုံးပြုပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာတွင် ရွာလမ်းမကြီးများ ၃လမ်းရှိပါသည်။ ၎င်းလမ်းမကြီးများကို ကျောက်ချောလမ်းများ ပြုလုပ်ထားပါသည်။ လမ်းအရည်အသွေး အတင့်အသင့်ကောင်းမွန်ပါသည်။ မြေသားလမ်းမှ ကိုယ်ထူကိုယ်ထကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်လုပ်ဆောင်ခဲ့ကြပါသည်။ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ ဝန်းသို-နန်ခမ်း-အင်းတော်ကားလမ်းမကြီးသည်ညောင်အင်းကျေးရွာဘေးမှ ကပ်လျက်ဖြတ်ထားပါသည်။ ထိုလမ်းမကြီးသည် ကတ္တရာလမ်းမကြီးဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ညောင်အင်းကျေးရွာနှင့် ကင်းကြိမ်ဖူးကုန်းရွာသို့ဆက်သွယ်ထားသောလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်ရွံ့များဖြင့် သွားလာရခက်ခဲပါ

သည်။ ကျေးရွာချင်းဆက်လမ်းများသည် မြေသားလမ်းဖြစ်၍ မိုးရာသီ၌ လူများ၊ဆိုင်ကယ်များသွားလာရာတွင် ခက်ခဲပါသည်။

ကျွန်တော်တို့ရွာနှင့်ဆက်သွယ်ထားသော တံတားများသည်အသင့်အတင့်ကောင်းမွန်ပါသည်။ ရွာ၏အနောက်ဘက်တွင် တုံးကြိတ်ရွာနှင့်ဆက်သွယ်ထားသော တံတားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အများဆုံးအသုံးပြုပါသည်။ ရွာတွင် သုံးဘီးဆိုင်ကယ်(၁)စီးရှိပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာမီးအသေးစားများကိုသာ အသုံးပြုကြပါသည်။ ဆိုလာမီးမလင်းသည့် အိမ်များလည်းရှိပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် မီးအသုံးပြုသောအိမ်(၁)အိမ်ရှိပါသည်။ လက်ရှိအခြေအနေတွင် မီးမရရှိသဖြင့် ဖယောင်းတိုင်အသုံးပြုနေရသောအိမ်ထောင်စုများလည်း ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးဖုန်း(၇၆)လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ(၁၃)လုံး၊ စလောင်း(၁၂)ခုပိုင်ဆိုင်ကြပါသည်။ ဆိုလာမီးစနစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှု ညံ့ဖျင်းမှုကြောင့် မြန်မာလိုင်းအနည်းငယ်သာဖမ်းယူနိုင်ပြီး အများစုမှာ နိုင်ငံခြားလိုင်းများဖြစ်ပါသည်။ တီဗွီအစီအစဉ်များကို ဝမ်းရေးအတွက် လုပ်ကိုင်နေကြရသောကြောင့် အချိန်ပြည့်မကြည့်နိုင်ပါ။ မိုးရာသီတွင် ဆိုလာမီးမရသဖြင့် တီဗွီရှိသော်လည်း မကြည့်ရသောအိမ်များရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ်များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည်မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူစိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး

နေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၎) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။

ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကို ဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏ အဓိကရန်သူဖြစ်၍ အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့် ပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစားမရပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျချောင်းများ ရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ ရွှေတူးဖော်ရရှိနိုင်ပြီး ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ

သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံ အဆောက်အဦ	၁။ ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း	၆၂	၇		
	၂။ စာကြည့်တိုက်ဆောက်လုပ်ခြင်း		၇		
၂။ ပညာရေး	၃။ မူလတန်းကျောင်းဆောင်ဆောက်လုပ်ခြင်း	၇၁	၅		
		၇၃	၃		
၃။ လျှပ်စစ်	၄။ ၂၄နာရီလျှပ်စစ်မီးသွယ်တန်းခြင်း	၇၅	၂		
၅။ ဘဏ်နှင့် ငွေကြေး	၅။ဈေးကွက်စီးပွားရေးစနစ်အကောင်အထည် ဖော်ဆောင်ပေးရန်	၇၁	၅		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ကျောက်ခင်းလမ်းမှကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းသို့ အဆင့်ဆင့် ပြုပြင်ခြင်း	၁	✓	✓	✓		
၂	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၃		✓	✓		
၃	၂၄နာရီလျှပ်စစ်မီးသွယ်တန်းခြင်း	၂	✓		✓	✓	
၄	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄		✓	✓		
၅	ဈေးကွက်စီးပွားရေးစနစ်အကောင်အထည် ဖော်ဆောင်ပေးရန်	၅	✓	✓		✓	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	

၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ကျောက်ခင်းလမ်းမှကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းသို့ အဆင့်ဆင့် ပြုပြင်ခြင်း			✓		
၂	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း			✓		
၃	၂၄နာရီလျှပ်စစ်မီးသွယ်တန်းခြင်း			✓		
၄	စာကြည့်တိုက်ဆောက်လုပ်ခြင်း			✓		
၅	စျေးကွက်စီးပွားရေးစနစ်အကောင်အထည် ဖော်ဆောင်ပေးရန်			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက်

